# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 15 , 2023 | Volume 64, Number 10

၁၅.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၇၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လ ၄ ရက်မှ မတ်လ ၁၀ ရက်နေ့များအတွင်း တင်ပို့ခဲ့သောပို့ကုန်၏ ငွေပမာဏစုစုပေါင်း တန်ဖိုးမှာ ၁၂၆၈၂၇၁၃.၃၅ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်း ငွေပမာဏတန်ဖိုးမှာ ၆၄၀၆၇၃.၃၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ပဲယင်း၊ ပဲတီစိမ်း၊ နှမ်းနက်၊ မြေပဲ၊ ပဲလွန်းဖြူ၊ ဖရဲသီး၊ ပဲစင်းငုံ၊ ငရုတ်သီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၄၀၇၂၀၁၇.၃၅ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၈၆၁၀၆၉၆.၀၀ ဒေါ်လာ တင်ပို့မှု ရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ကုန်ထုတ်စက်ကူများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ သံပိုက်၊ ကားတာယာ၊ မြက်ခင်းတုနှင့် Empty Cargo Container 45’ Feet များတင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၂၆၄၀၃.၃၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၂၂၄၂၇၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၈ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၄.၈၇ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၆–၃–၂၀၂၃ မှ ၁၀–၃–၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၁၈၆၃၅၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ်

၂၀၈၃၅၀၀ နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကျပ် ၂၁၇၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၇၁၅၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၂၇၅၀၀ နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကျပ် ၃၆၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ) စုစုပေါင်း ကွန်တိန်နာ ၁၀၅ လုံး(တန်ချိန် ၂၅၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၁၁၀ လုံး (တန်ချိန် ၂၆၄၀) နှင့် ပဲစဉ်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) နှင့် Red/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) စုစုပေါင်း ကွန်တိန်နာ ၁၆၅ လုံး ( တန်ချိန် ၃၉၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက်ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုပ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုပ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ မြှားနီ ကျပ် ၁၀၅၀၀၊ ပန်းရဲငရုပ်(သစ်) AC ကျပ် ၁၁၀၀၀၊ မိုးထောင်( ဒီမွန်) ကျပ် ၁၂၅၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၅၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မိုးထောင်( ဒီမွန်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ပန်းရဲငရုပ်(သစ်) AC ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်ငရုပ်ဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်ကကုန်စည်ဒိုင်သို့ ငရုပ်ရှည်အိတ်ပေါင်း ၇၅၀၀ (၁၅၀၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ်ပေါင်း ၇၀၀ (၁၀၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုပ်ရှည်အိတ်ပေါင်း ၁၂၃၀၀ (၂၄၆၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ်ပေါင်း ၂၂၀၀ (၃၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ငရုပ်ရှည်အိတ်ပေါင်း ၄၈၀၀ ( ၉၆၀၀၀ ပိဿာ) နှင့် ငရုပ်ပုအိတ်ပေါင်း ၁၅၀၀ ( ၂၂၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၉၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၉၀၀ နှင့် ရမည်းသင်း ဒါးဇင်း (သစ်) ကျပ် ၁၈၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၂၅၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၉၀၀၊ ပခုက္ကူကြိမ်းကျပ် ၂၉၅၀၊ ရေစကြို ထန်းလျက် (ချော) ကျပ် ၃၆၀၀၊ ကြံသကာ(စစ်) ကျပ် ၂၆၅၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၀၆၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြံသကာ(စစ်) ကျပ် ၅၀ မြင့်တက်ခဲ့ပြီး တောင်သာမလိုင်(ဒုံး) ကျပ် ၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြိမ်းကျပ်၂၅၀ နှင့်သကြား(ပြည်တွင်း)ကျပ်၁၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Domestic (Ygn) MITC**

## ကမ္ဘာ့ရွှေဈေးဆက်လက်မြင့်တက်လာ၊ ပြည်တွင်းရွှေဈေးဝယ်လိုအားမရှိသည့်အတွက် သိပ်မတက်နိုင်ဟုဆို



Source: Popularmyanmar.com

ယမန်နေ့ထက် ကမ္ဘာ့ရွှေဈေးမှာပိုမိုမြင့်တက်လာသော်လည်း ပြည်တွင်းရှိ ရွှေဈေးနှုန်းမှာ ဝယ်လိုအားမရှိသည့်အတွက် ဈေးသိပ်မတက်နိုင်ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း(YGEA)မှ သိရသည်။

"သူက ကမ္ဘာ့ရွှေဈေးတက်လို့သာ တက်နေတာ။ ပြည်တွင်းမှာက အများကြီး မတတ်နိုင်ဘူး။ ရွှေထွက်တဲ့နေရာတွေကလည်း လှိုင်လှိုင်ထွက်နေပြီ။ ဝယ်လိုအားက မရှိဘူး"ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ယနေ့ မတ်လ ၁၄ ရက်နေ့ ရွှေအဖွင့်ဈေး ၂၂၄၃၆၀၀ ကျပ်ထိ မြင့်တက် လာကြောင်း YGEA ကထုတ်ပြန်ထားသည်။ ယင်းအပြင်ကမ္ဘာ့ရွှေဈေးမှာလည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၁၂ ကျပ်ဖြစ်ပြီး ယမန်နေ့ထက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရှိ Signature Bank ပိတ်သိမ်းသွားမှုကြောင့် ရွှေဈေးကွက်အပေါ် ရိုက်ခတ်လာခြင်းလည်းဖြစ်သည်။ ပြင်ပ ရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သား ကျပ် ၂၈၇၀၀၀၀ ကျော်ရှိခဲ့ပြီး ရက်ပိုင်းအတွင်း ကျပ်သုံးသောင်းကျော်မှ လေးသောင်းဝန်းကျင်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Source: Popularmyanmar.com**

## ဆန်ကြမ်းအများစု ဈေးအနည်းငယ်တက်

ရန်ကုန်၊ ဝါးတန်းဆန်ဈေးကွက်မှာ ယခုလဆန်းပိုင်းကစလို့ အပြောင်းအလဲမရှိသလောက်ဖြစ်ပြီး အမြင့်ဈေးနဲ့ အချိန်အတော်ကြာငြိမ်နေခဲ့တဲ့ ဆန်ဈေးတွေဟာ ဒီနေ့မှာတော့ အမျိုးအစားအများစု အပြောင်းအလဲအနည်းငယ် ဖြစ်လာခဲ့တာပါ။

အပြောင်းအလဲဖြစ်သွားတဲ့ဆန်တွေထဲမှာ တောင်ပျံ(ဖျာပုံ)(သစ်)သာ အနည်းငယ် ဈေးကျသွားတာဖြစ်ပြီး ကျန်အမျိုးအစားအားလုံးကတော့ ဈေးတက်သွားတာပါ။ အထူးသဖြင့် ဆန်ကြမ်းအမျိုးအစားတွေ ဈေးအနည်းငယ်စီ တက်လာတာ ဖြစ်ပါတယ်။ ဘယ်ဆန်အမျိုးအစားတွေ ဈေးအပြောင်းအလဲဖြစ်သွားလဲဆိုတာကိုတော့ အောက်ပါဇယားကွက်မှာ ကြည့်နိုင်ပါတယ်။ အပြောင်းအလဲဖြစ်သွားတဲ့အမျိုးအစားတွေကို အနီရောင်နဲ့ ဖော်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့တစ်ပတ်အတွင်းတုန်းကတော့ ရန်ကုန်ဈေးကွက်မှာ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်အေးခဲ့တယ်လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) ရဲ့ သတင်းပေးပို့ချက်အရ သိရပါတယ်။ ဒီတစ်ပတ်အဖွင့် မနေ့ကအထိတော့ ဈေးနှုန်းအပြောင်းအလဲမဖြစ်ခဲ့ဘဲ ဒီနေ့မှသာ ဈေးနှုန်းတွေ ပြောင်းသွားတာဖြစ်ပါတယ်။

ပြည်ပတင်ပို့မှုမှာတော့ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ ၆၅-၃၅ ရာခိုင်နှုန်းကြောင့် နစ်နာမှုတွေရှိနေလို့ ဆန်တင်ပို့မှုကို ခဏရပ်ဆိုင်းထားပြီး လက်ကျန်တွေသာ တင်ပို့နေတယ်လို့ မူဆယ်ဆန်ကုန်သည်တွေထံကနေသိရကြောင်း AMIA က သတင်းပေးပို့ထားပါတယ်။

**(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)**

**Source:** [https://greenwaymyanmar.com/](https://greenwaymyanmar.com/)

## ပြည်တွင်းရွှေဈေးနှုန်းမြင့်တက်သော်လည်း အရောင်းအဝယ်အေးနေ

ပြည်တွင်းရွှေဈေးနှုန်း မြင့်တက်လာသော်လည်း ဈေးကွက်တွင်အရောင်းအဝယ်အေးနေကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

"အမေရိကန်ဘဏ်တွေပြိုလဲသွားတဲ့အတွက်ကို ဒေါ်လာဈေး ကမောက်ကမဖြစ်ပြီး ရွှေဈေးတက်လာတာ။ အမေရိကန်ငွေက ဖောင်းပွနေတယ်။ တစ်ကမ္ဘာလုံးက သူ့ငွေပေါ်မှာ ချိတ်ဆက်ထားတဲ့အခါကျတော့ ကျန်တဲ့နိုင်ငံတွေကပါ ဒုက္ခလိုက်ရောက် ကုန်တာ။ အဲဒီတော့ ကမ္ဘာ့ရွှေဈေး တက်သွားတာ။ အရောင်းအဝယ် အေးပါတယ်" ဟု အဆိုပါအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးမြင့်က စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

လက်ရှိ ရွှေဈေးကွက်တွင် အရောင်းအဝယ်အေးနေပြီး ကောလာဟလဖြစ်ပါက ရွှေဈေးနှုန်းကို စွဲတင်လိုက်ခြင်းဖြစ်ကြောင်း၊ သုံးလေးရက်နေပါက ရွှေဈေးပြန်ကျလာနိုင်ကြောင်း ဦးမျိုးမြင့်ကပြောသည်။

မတ် ၁၀ ရက်၊ မွန်းလွဲ ၁၂ နာရီခွဲ ရွှေပေါက်ဈေးမှာ ၂,၁၅၈,၃၀၀ ကျပ်ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၈၃၂ ခန့်သာရှိခဲ့ကြောင်း၊ ယနေ့ (မတ် ၁၄ ရက်) မွန်းလွဲ ၁၂ နာရီခွဲ ရွှေပေါက်ဈေးမှာ ၂,၂၄၃,၁၀၀ ကျပ်ထိ မြင့်တက်ခဲ့ပြီး ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၉၀၄ ဖြစ်ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက

ထုတ်ပြန်ထားသည်။

Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)

## သကြားစက်ရုံများက လာမည့်ကြံရာသီတွင် ကြံဈေးတိုးမြှင့်ဝယ်ယူမည်



Source: မကွေးဂျာနယ်

ကြံကိုကြိတ်ဝါး၍ သကြားထုတ်လုပ်သည့် သကြားစက်ရုံများက ၂၀၂၃-၂၄ ကြံရာသီတွင် ကြံစိုက်တောင်သူများထံမှ ဈေးမြှင့်ဝယ်ယူမည်ဖြစ်ရာ ဒေသနှင့်စက်ရုံအလိုက် ကြံတစ်တန်လျှင် ယခင်နှစ် ကြံဝယ်ဈေးထက် ဈေးပိုပေးလာခြင်းဖြင့် ကြံဈေးမြှင့်တက်လာကြောင်းသကြားစက်ရုံထုတ်ပြန်ချက်များအရ သိရသည်။

၂၀၂၃ ခုနှစ်ဆန်းပိုင်းမှစ၍ ပြည်တွင်းသကြားဈေးမြှင့်တက်ခဲ့သဖြင့် သကြားစက်ရုံများက ကြံတစ်တန်လျှင် စက်ရုံအလိုက် ငွေကျပ် ၅၀၀၀ နှင့်အထက် ဝယ်ဈေးမြှင့်လာသည်ဟုဆိုသည်။

"မနှစ်က ရာသီမှာ နောက်ပိုင်းမိုးခေါင်သွားလို့ ကြံအထွက်နှုန်းကခန့်မှန်းရင် ၁၀ရာခိုင်နှုန်းကျော် လျော့သွားတယ်။ ပြည်ပကို ကြိုတင်ရောင်းထားတာရော ပြည်တွင်းလိုအပ်ချက်မြင့်လာပြီးသကြား ဈေးမြှင့်လာတော့ စက်ရုံတွေရဲ့ ကြံတစ်တန် ဝယ်ဈေးလည်း ပိုပေးလာကြတယ်" ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းငွေး ကပြောသည်။

ပြည်တွင်းသကြားစက်များမှ ကြိတ်ဝါးကြံတစ်တန်ဝယ်ယူမည့်ဈေးနှုန်းများမှာ ငွေရည်ပုလဲသကြားစက်မှ ငွေကျပ် ၉၅၀၀၀၊ မြဘုရင်သကြားစက်မှ ငွေကျပ် ၁၀၀၀၀၀ ၊ မိုင်းရယ်သကြားစက်မှ ငွေကျပ် ၉၅၀၀၀၊ ဝေမာသကြားစက်မှ ငွေကျပ် ၉၄၀၀၀ တို့ဖြင့် ဝယ်ယူမည်ဖြစ်ကာ အခြားသကြားစက်များကလည်း ယခင်ထက် ဈေးနှုန်းမြှင့်ကာ ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ "ကြံဈေးတက်တယ်ဆိုပေမယ့် ငွေဈေးနဲ့ယှဉ်ရင် အောက်ရောက်နေသေးတယ်။ အသစ်ပြန်စိုက်တော့လည်း စိုက်စရိတ်က မြင့်လာနေတယ်။စက်တွေက ကြံကိုစောစောကြိတ်ဝါးနိုင်ဖို့ အစကတည်းက ကြံသွင်းပေးခဲ့တဲ့ တောင်သူတွေ အတွက် စဉ်းစားပေးစေချင်တယ်"ဟု ကြံစိုက်တောင်သူတစ်ဦးကပြောသည်။

ပြည်ပမှ သကြားတင်သွင်းမှုမရှိတော့၍ ပြည်တွင်းမှ သကြားအသုံးပြုထုတ်လုပ်သည့် စက်ရုံများ၏ဝယ်လိုအားကြောင့် လိုအပ်ချက်မြင့်မားလာခြင်းဖြင့် ပြီးခဲ့သည့် ၂ နှစ်ကျော်က သကြားတစ်ပိဿာ ငွေကျပ်၂၀၀၀ ဝန်းကျင်ရှိခဲ့ရာက လက်ရှိတွင် သကြားတစ်ပိဿာ ငွေကျပ် ၃၀၀၀ ဝန်းကျင်ထိ ပေါက်ဈေးရှိလာကြောင်းသိရသည်။ "လာမယ့် ကြံရာသီတွင် ကြံစိုက်ပျိုးသူများလာသလို စက်ရုံအသစ်၃ ခုလည်ပတ်တော့မယ်။ ရှမ်းပြည်နယ်မှာ ကြံတန်ချိန် တစ်သောင်းကြိတ်ဝါးမယ့်သကြား စက်ရုံတစ်ရုံ၊စစ်ကိုင်းတိုင်းမှာ ကြံတန်ချိန် ၅၀၀၀ စီ ကြိတ်ဝါးနိုင်မယ့် သကြားစက်ရုံ အသစ် ၂ ရုံ လည်ပတ်မှာဆိုတော့ သကြားထွက်နှုန်းတိုးမယ်"ဟု ဦးဝင်းငွေးကပြောသည်။

သကြားဈေးကောင်းလာခြင်းနှင့် စက်ရုံများတိုးလာသည့်အတွက် ကြံစိုက်ပျိုးဧကများလည်းတိုးလာပြီး စတင် စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ စက်ရုံများမှ ကြံတစ်တန်လျှင် ငွေကျပ်တစ်သိန်းနှင့် ဝယ်ယူမည်ဆိုပါက စိုက်ပျိုးတောင်သူများမှာ စိုက်ပျိုးစရိတ်နှုတ်ပြီး တစ်ဧကလျှင် ငွေကျပ်သိန်းဆယ်ဂဏန်းဝန်းကျင် ရနိုင်သည်ဟုသိရသည်။

လက်ရှိပြည်တွင်းသကြား စားသုံးမှုနှင့်ထုတ်လုပ်မှုမှာ ကာမိခြင်းမရှိဘဲ လျော့နည်းနေကြောင်း ပြည်တွင်းသကြား စားသုံးမှုမှာ တန်ချိန် ၅ သိန်းခန့်ရှိပြီး ယခုနှစ်သကြားထုတ်လုပ်မှုမှာ တန်ချိန် ၅သိန်းအောက် လျော့နည်းတာကြောင့်လည်း သကြားဈေး မြင့်တက်နေခြင်းဖြစ်ကြောင်း သကြားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ သို့ဖြစ်၍ ပြည်တွင်းသကြားကို ပြည်ပတင်ပို့မှု ရပ်နားထားသင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မတ် ၁၄ ရက်နေ့တွင် ပြည်တွင်းသကြားပေါက်ဈေးမှာ တစ်ပိဿာကျပ် ၂၉၃၀ ပေါက်ဈေးရှိနေပြီး သကြားဈေး ဆက်လက်မြင့်တက်ဖွယ်ရှိသလို လက်ရှိမှာ ပြည်တွင်းမှသကြားကို ဗီယက်နမ်နိုင်ငံသို့တင်ပို့နေကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ဖေဖော်ဝါရီလအတွင်း ဆန်တင်ပို့မှုကျဆင်း

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၉ သိန်းခန့်သာ တင်ပို့နိုင်ခဲ့ပြီး ဇန်နဝါရီလထက် တင်ပို့နိုင်မှုတန်ချိန် ခုနစ်သောင်းခွဲကျော် (၇၇၄၃၁ တန်) ကျဆင်းသွားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) မှ သိရသည်။

ယင်းသို့ တင်ပို့မှုပမာဏ ကျဆင်းသွားသည့်အပြင် ပို့ကုန်တင်ပို့မှုမှရရှိသည့် နိုင်ငံခြားငွေရရှိမှုသည်လည်း ကျဆင်းသွားခဲ့ရပြီး ဖေဖော်ဝါရီလတွင် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ နေ၍ အမေရိကန်ဒေါ်လာ ၇၆ သန်းသာရရှိခဲ့ကာ ဇန်နဝါရီလအတွင်း ရရှိခဲ့သည့် ပို့ကုန်ဝင်ငွေထက် အမေရိကန်ဒေါ်လာ ၃၁သန်းအထိ ကျဆင်းသွားခြင်းဖြစ်သည်။

ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့ရောင်းချသည့် ကုမ္ပဏီအရေအတွက် သုံးခုတိုးလာသော်လည်း တင်ပို့နိုင်မှုပမာဏ ကျဆင်းသွားခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလနောက်ပိုင်း နောက်ဆုံးလေးလအတွင်း အနိမ့်ဆုံးတင်ပို့နိုင်မှုလည်းဖြစ်ကြောင်း သိရသည်။

MRF ၏ ဖော်ပြချက်အရ ပင်လယ်ရေကြောင်းကတစ်ဆင့် ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုကျဆင်းသွားခြင်းကြောင့် ပို့ကုန်ဝင်ငွေရရှိမှုလျော့နည်းသွားခဲ့ရခြင်းဖြစ်ကြောင်းသိရပြီး ဇန်နဝါရီလထက်တန်ချိန် ၈၅၀၀၀ ခန့် ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာ့ဆန်နှင့်ဆန်ကွဲ ဝယ်လိုအားအများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံကရပ်တည်နေပြီး ဖေဖော်ဝါရီလအချက်အလက်အရ တရုတ်က ဆန်တန်ချိန် လေးသောင်းခွဲနှင့် ဆန်ကွဲတန်ချိန်ခြောက်သောင်းခွဲခန့် ဝယ်ယူတင်သွင်းထားကြောင်းသိရသည်။

အခြားဝယ်လိုအားရှိသည့် နိုင်ငံများထဲတွင် ဖိလစ်ပိုင်၊ တူရကီ၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ပိုလန်၊ နယ်သာလန်၊ ယူကေ တို့ပါဝင်နေပြီး ကုမ္ပဏီ ၅၂ခုမှ နိုင်ငံပေါင်း ၃၀ ကျော်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း MRF ၏ ရည်မှန်းချက်ဖြစ်သည့် တန်ချိန် နှစ်သန်းကို ကျော်လွန်သွားခဲ့ပြီး ပို့ကုန်ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၈၂ သန်းအထိ ရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ တစ်လလျှင် ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းမှ နှစ်သိန်းခွဲခန့်၊ တစ်နှစ်လျှင် တန်ချိန် နှစ်သန်းဝန်းကျင် ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: https://t.me/sdtimedaily

## STOCK EXCHANGE (15.3.2023)

### Stock trading data

As of 15th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,702 (Shares) | 17,732,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -200 | -2.41% | 8,100 | 8,100 | 8,100 | 428 | 3,466,800 | 33,109,694 | 268,189 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 2,577 | 8,246,400 | 38,929,150 | 124,573 |
| MCB | 00003 | 7,300 | -400 | -5.19% | 7,500 | 7,500 | 7,300 | 164 | 1,229,400 | 10,400,986 | 75,927 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 2,238 | 3,574,450 | 29,664,613 | 47,463 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 2 | 5,100 | 12,823,224 | 32,699 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 100 | 265,000 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 193 | 945,700 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 15th Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.71 | -7.23 | -1.91% | 371.05 | 371.90 | 370.71 | 5,702 | 17,732,850 | 7 | 653,229 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 5,702 (Shares) | 17,732,850 (MMK) |

## Main Board

As of 1:00 pm, 15th Mar. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,702 (Shares) | 17,732,850 (MMK) |

| MYANPIX | 370.71 ▼ 7.23 |
|---|---|
| Total Volume (shares) | 5,702 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 653,229 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 200 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 7,300 | ▼ 400 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |